ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၅ – ၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်
# ချင်းပြည်နယ်၏
# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

၂၀၁၅ – ၂၀၁၆ ခု ၊ ဘဏ္ဍာရေးနှစ်

**ချင်းပြည်နယ်၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ**

**( ၂၀၁၅ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၅ ။ )**

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်

( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် )

ချင်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၅ – ၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၅–၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

## အခန်း(၂)

## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ် ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ဇယား (၁)၊(၂)၊(၃)နှင့် (၄) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၅ ခုနှစ်၊ ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ် သုံးစွဲခြင်း ဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့်သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၅ ခုနှစ်၊ ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊အမိန့်ကြော်ငြာစာများ၊အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

ဝန်ကြီးချုပ်
ချင်းပြည်နယ်အစိုးရအဖွဲ့

# ပြည်နယ်အစိုးရအဖွဲ့

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၅ ခုနှစ် ချင်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄. ၀၄၂ | | ၈. ၀၀၀ | | | | | ၁၂. ၀၄၂ |
| | | ပေါင်း | | ၄. ၀၄၂ | | ၈. ၀၀၀ | | | | | ၁၂. ၀၄၂ |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ၂၀၁၅ခုနှစ် ချင်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ: သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ၁ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | ၆၁၁.၀၄၂ | | | | | | | ၆၁၁.၀၄၂ |
| | ၁ | | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄၈၀.၀၈၀ | | | | | | | ၄၈၀.၀၈၀ |
| | ၂ | | ၃ | မီးသတ်ဦးစီးဌာန | | ၁၃၀.၉၆၂ | | | | | | | ၁၃၀.၉၆၂ |
| ၂ | | ၆ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၎င်း | ၂၂.၈၈၁ | | | | | | | ၂၂.၈၈၁ |
| | ၁ | | ၁ | သစ်တောဦးစီးဌာန | | ၂၂.၈၈၁ | | | | | | | ၂၂.၈၈၁ |
| ၃ | | ၈ | | ဘဏ္ဍာရေး | ၎င်း | | ၉၁.၈၄၅ | | | | ၂၂၉၆.၁၁၅ | | ၂၃၈၇.၉၆၀ |
| | ၁ | | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | ၉၁.၈၄၅ | | | | ၂၂၉၆.၁၁၅ | | ၂၃၈၇.၉၆၀ |
| ၄ | | ၁၀ | | ဆောက်လုပ်ရေး | ၎င်း | ၁၇.၀၀၇ | | | | | | | ၁၇.၀၀၇ |
| | ၁ | | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၇.၀၀၇ | | | | | | | ၁၇.၀၀၇ |
| ၅ | | ၁၁ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၃.၇၆၃ | | | | | | | ၃.၇၆၃ |
| | | | | ပေါင်း | | ၆၅၄.၇၀၃ | ၉၁.၈၄၅ | | | | ၂၂၉၆.၁၁၅ | | ၃၀၄၂.၆၆၃ |

## ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ၂၀၁၅ခုနှစ် ချင်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | |
| | | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ၁၀ | | ဆောက်လုပ်ရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | ၈၉. ၅၁၉ | | | | | | | ၈၉. ၅၁၉ |
| | ၁ | | | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၈၉. ၅၁၉ | | | | | | | ၈၉. ၅၁၉ |
| | | | | ပေါင်း | | ၈၉. ၅၁၉ | | | | | | | ၈၉. ၅၁၉ |